ကာကွယ်ဆေး အချက်အလက်များဆိုင်ရာ ဖော်ပြချက်

# *Haemophilus influenzae* အမျိုးအစား b (Hib) ကာကွယ်ဆေး- သင်သိထားရမည့် အကြောင်းအရာများ

Many vaccine information statements are available in Burmese and other languages. See www.immunize.org/vis

ကာကွယ်ဆေး အချက်အလက်ကြေငြာချက်များကို မြန်မာဘာသာနှင့် အခြားသောဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်။ www.immunize.org/vis တွင် ကြည့်ရှုပါ။

## 1. ဘာကြောင့် ကာကွယ်ဆေးထိုးရသလဲ။

**Hib ကာကွယ်ဆေးသည်*Haemophilus influenzae* အမျိုးအစား b (Hib)** ရောဂါများမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။

*Haemophilus influenzae* အမျိုးအစား b သည် မတူသော ပိုးဝင်ကူးစက်မှုအမျိုးမျိုးကို ဖြစ်စေနိုင်သည်။ ဤပိုးဝင်ကူးစက်မှုများသည် ပုံမှန်အားဖြင့် အသက် 5 နှစ်အောက်ကလေးများကိုသာ ကူးစက်နိုင်သော်လည်း အချို့သော သတ်သတ်မှတ်မှတ် ကျန်းမာရေးအခြေအနေရှိသည့် လူကြီးများကိုလည်း ကူးစက်စေနိုင်ပါသည်။ Hib ဘက်တီးရီးယားများသည် နားပိုးဝင်၍ ရောင်ရမ်းခြင်း သို့မဟုတ် လေပြွန်များရောင်ခြင်း ကဲ့သို့သော အပျော့စား ဖျားနာမှုကိုဖြစ်စေသည် သို့မဟုတ် သွေးတွင်း ပိုးဝင်ရောက်ခြင်းကဲ့သို့သော ပြင်းထန်သည့် ဖျားနာမှုကိုလည်း ဖြစ်စေနိုင်သည်။ ပြင်းထန်သော Hib ပိုးဝင်မှုကို "ထိုးဖောက်ပြန့်ပွားသော Hib ရောဂါ"ဟုလည်းခေါ် ဆိုပြီး ဆေးရုံတက်ကုသမှုခံယူရန် လိုအပ်သလို တစ်ခါတရံ၌ အသက်သေဆုံးမှုဖြစ်စေနိုင်သည်။

Hib ကာကွယ်ဆေးမပေါ်ခင်တွင် Hib ရောဂါသည် အမေရိကန်ပြည်ထောင်စု၌ အသက် 5 နှစ်အောက်ကလေးများကြား ဦးနှောက်အမြှေးပါးရောင်သည့် ဘက်တီးရီးယားကူးစက်မှုဖြစ်စေသည့် အဓိက ရောဂါအမျိုးအစားဖြစ်သည်။ ဦးနှောက်အမြှေးရောင်ရောဂါသည် ဦးနှောက်နှင့် ကျောရိုးနာဗ်ကြောမအား လွှမ်းခြုံထားသည့် အလွှာပါး ရောဂါပိုးကူးစက်ခံရမှုဖြစ်သည်။၎င်းက ဦးနှောက်ပျက်စီးခြင်းနှင့် နားမကြားရခြင်းသို့ ဖြစ်စေနိုင်သည်။

Hib ပိုးဝင်မှုကြောင့်ဖြစ်စေနိုင်သည်များမှာ-
- အဆုပ်ရောင်
- လည်ချောင်းအလွန်ရောင်ရမ်း၍ အသက်ရှူရခက်ခြင်း
- သွေး၊ အဆစ်များ၊ အရိုးများနှင့် နှလုံးအကာများတွင် ပိုးဝင်ခြင်း
- အသက်သေဆုံးမှု

## 2. Hib ကာကွယ်ဆေး

Hib ကာကွယ်ဆေးကိုပုံမှန်အားဖြင့် 3 သို့မဟုတ် 4 ကြိမ်အထိထိုးပေးသည် (ဆေးကုန်အမှတ်တံဆိပ်ပေါ် မူတည်သည်)။

**မွေးကင်းစကလေးများ**ကို ပုံမှန်အားဖြင့် အသက် 2 လရောက်သည်နှင့် Hib ကာကွယ်ဆေးစထိုးပေးပြီး အသက် 12–15 လပြည့်သည်အထိ အစဉ်လိုက် ထိုးပေးသွားပါသည်။

**ကလေးအသက် 12 လနှင့် 5 နှစ်ကြားရှိ အရွယ်** သည် ယခင်ကဆေးမထိုးထားလျှင် Hib ကာကွယ်ဖို့ Hib ကာကွယ်ဆေး ဆေး 1 ကြိမ် သို့မဟုတ် 1 ကြိမ်ထက်ပိုသော အရေအတွက်များ ထိုးဖို့လိုအပ်နိုင်သည်။

**အသက် 5 နှစ်နှင့်အထက်ရှိ ကလေးနှင့်လူကြီးများ** သည် ပုံမှန်အားဖြင့် Hib ကာကွယ်ဆေးမထိုးရပါ၊ သို့သော် ဆစ်ကယ်ဆဲလ် (sickle cell) ရောဂါရှိသောသူများအပါအဝင် သရက်ရွက်မကောင်းသော အသက်ပိုကြီးသည့်ကလေးများဖြစ်စေ လူကြီးများဖြစ်စေ သို့မဟုတ် သရက်ရွက်ထုတ်ထားသူများသည် သရက်ရွက်မထုတ်မီ သို့မဟုတ် ရိုးတွင်းချဉ်ဆီ အစားထိုးမှုပြုလုပ်ပြီးနောက် ကာကွယ်ဆေးထိုးဖို့ အကြံပြုပါသည်။ အသက် 5 မှ 18 နှစ်အထိရှိပြီး HIV ဖြင့်နေထိုင်သောသူများအတွက် Hib ကာကွယ်ဆေးထိုးဖို့ အကြံပြုပါသည်။

Hib ကာကွယ်ဆေးကို ကာကွယ်ဆေးတစ်ခုတည်းအဖြစ် ထိုးပေးနိုင်သလို ပေါင်းစည်းကာကွယ်ဆေး (ကာကွယ်ဆေးအမျိုးအစားများစွာကို ကာကွယ်ဆေးတစ်ခုတည်းအဖြစ်ပေါင်းစည်းထားသည်) အဖြစ်လည်း ထိုးပေးနိုင်သည်။

Hib ကာကွယ်ဆေးအား အခြားသော ကာကွယ်ဆေးများနှင့်အတူလည်း ပေးနိုင်ပါသည်။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

## 3. သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့သူဖြင့် ပြောဆိုဆွေးနွေးပါ

အကယ်၍ ကာကွယ်ဆေးထိုးမည်ဆိုလျှင် သင်၏ ကာကွယ်ဆေးပံ့ပိုးမည့်သူထံသို့ အောက်ပါအချက်များအား ပြောပြပါ -

- ယခင်က Hib **ကာကွယ်ဆေး ဆေးတစ်ကြိမ် ထိုးပြီးနောက် ဓါတ်မတည့်သည့် တုန့်ပြန်မှု ဖြစ်ခဲ့ဖူးလျှင်** သို့မဟုတ် **ပြင်းထန်သော အသက်အန္တရာယ် ချိန်းခြောက်သည်အထိ ဓါတ်တုန့်ပြန်မှုတစ်စုံတစ်ရာ** ရှိခဲ့ဖူးခြင်း။

အချို့သော ဖြစ်ရပ်များတွင် သင်၏ ကျန်းမာရေး စောင့်ရှောက်သူသည် Hib ကာကွယ်ဆေး ထိုးမှုကို နောက်တကြိမ်ဆေးခန်းသို့လာပြသည်အထိ ရွှေ့ဆိုင်းရန် ဆုံးဖြတ်နိုင်သည်။

အအေးမိခြင်း ကဲ့သို့ အသေးစား နာမကျန်းမှုရှိသူများသည် ကာကွယ်ဆေး ထိုးနှံခြင်းပြုလုပ်နိုင်ပါသည်။ အသင့်အတင့် သို့မဟုတ် အပြင်းအထန် နေမကောင်းသူများသည် Hib ကာကွယ်ဆေး မထိုးမီ နေပြန်ကောင်းလာသည်အထိ စောင့်သင့်သည်။

သင့်ကျန်းမာရေး စောင့်ရှောက်သူမှ အသေးစိတ် အချက်အလက်များ သင့်အား ပေးအပ်နိုင်ပါသည်။

## 4. ကာကွယ်ဆေးတုံ့ပြန်မှုအန္တရာယ်များ

- ကာကွယ်ဆေးထိုးပေးသည့်နေရာတွင် နီမြန်းခြင်း၊ ပူနွေးခြင်း နှင့် ရောင်ရမ်းခြင်းတို့ဖြစ်တတ်ပြီး Hib ကာကွယ်ဆေးထိုးပြီးနောက် ကိုယ်အပူချိန်တက်နိုင်သည်။

ကာကွယ်ဆေးထိုးခြင်း အပါအဝင် ဆေးဝါးကုသမှုများအပြီးတွင် လူတို့သည် တစ်ခါတစ်ရံတွင် မူးဝေလဲကျတတ်ပါသည်။ သင်မူးဝေခြင်း၊ အမြင်အာရုံ ပြောင်းလဲခြင်း သို့မဟုတ် နားခြင်းဖြစ်ပါက သင့်ဆရာဝန်အား ပြောပြပါ။

အခြားသောဆေးဝါးများကဲ့သို့ပင် ကာကွယ်ဆေးကြောင့် ပြင်းထန်သောဓါတ်မတည့်ခြင်း၊ ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်နိုင်ခြေမှာ အလွန့်အလွန်နည်းပါးသည်။

## 5. ပြင်းထန်သော တုံ့ပြန်မှု ပြဿနာများ ဖြစ်ပေါ်လာခဲ့လျှင် မည်သို့ ဆောင်ရွက်ရမည်နည်း။

ကာကွယ်ဆေးထိုးထားသူသည် ဆေးခန်းမှ ထွက်ခွာပြီးနောက် ဓာတ်မတည့်တုန့်ပြန်မှုရရှိနိုင်သည်။ သင်သည် ပြင်းထန်သော ဓာတ်မတည့် တုန့်ပြန်မှု လက္ခဏာများ (အနီပြင်ထခြင်း၊ မျက်နှာနှင့် လည်ပင်းများ ဖောင်းလာခြင်း၊ အသက်ရှူမြန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ခေါင်းမူးခြင်း သို့မဟုတ် အားမရှိခြင်း) တို့ကို တွေ့ရှိရပါက **9-1-1** သို့ ခေါ်ဆိုပြီး၊ ၎င်းပုဂ္ဂိုလ်အား အနီးဆုံး ဆေးရုံသို့ ပို့ပါ။

အခြားသော လက္ခဏာများအတွက် စိတ်ပူပါက သင်၏ ကျန်းမာရေး စောင့်ရှောက်သူထံ ဖုန်းခေါ် ပါ။

ဓာတ်မတည့်သည့် တုံ့ပြန်မှုများအား Vaccine Adverse Event Reporting System, VAERS (ကာကွယ်ဆေး ဘေးထွက်ဆိုးကျိုး အဖြစ်အပျက် တိုင်ကြားရန် စနစ်) သို့ တင်ပြသင့်သည်။ သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့သူသည် ပုံမှန်အားဖြင့် ဤအစီရင်ခံစာကို တင်ပြမည်ဖြစ်သည် သို့မဟုတ်ပါက သင်ကိုယ်တိုင် လုပ်ဆောင်နိုင်ပေသည်။ VAERS ၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.vaers.hhs.gov သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် **1-800-822-7967** သို့ ခေါ် ဆိုပါ။ *VAERS သည် ဓါတ်မတည့်တုံ့ပြန်မှုများကို အစီရင်ခံရန်အတွက်သာ ဖြစ်ပြီး၊ VAERS ဝန်ထမ်းအဖွဲ့ဝင်များသည် ဆေးဖက်ဆိုင်ရာ အကြံပေးခြင်းများ မပြုလုပ်ပါ။*

## 6. ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု လျော်ကြေးပေးရေး အမျိုးသား အစီအစဉ်

အမျိုးသား ကာကွယ်ဆေး ထိခိုက်ဒဏ်ရာ လျော်ကြေးပေးရေး အစီအစဉ် (National Vaccine Injury Compensation Program, VICP) သည် ကာကွယ်ဆေးတစ်ခုခုကြောင့် ဒဏ်ရာရရှိသူအား လျော်ကြေးပေးရန် တည်ထောင်ထားသော ပြည်ထောင်စု အစီအစဉ်တစ်ခု ဖြစ်ပါသည်။ ကာကွယ်ဆေးကြောင့်ဖြစ်သည်ဟု ပြောဆိုထားသည့် ထိခိုက်မှု သို့မဟုတ် အသက်သေဆုံးမှုနှင့်စပ်လျဉ်းသော တောင်းဆိုမှုများအတွက် လျှောက်ထားရန် အချိန်အကန့်အသတ် ရှိပြီး ယင်းမှာ ၂ နှစ်အထိ လျှော့ချထားပါသည်။ အစီအစဉ်အကြောင်း လေ့လာရန်နှင့် မကျေနပ်ချက်ကို တင်ပြရန်တို့အတွက် VICP ဝက်ဘ်ဆိုဒ် ဖြစ်သည့် www.hrsa.gov/vaccinecompensation သို့သွားပါ သို့မဟုတ် **1-800-338-2382** သို့ခေါ် ဆိုပါ။

## 7. ပိုမိုလေ့လာနိုင်ရန်

- သင့်ကျန်းမာရေး စောင့်ရှောက်သူထံ မေးမြန်းပါ။
- သင့်ဆရာဝန် သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနသို့ ခေါ် ဆိုပါ။
- ကာကွယ်ဆေး ပက်ကေ့ချ်အတွက် Food and Drug Administration, FDA (သည် အစားအစာနှင့် ဆေးဝါး အာဏာပိုင်) ဝဘ်ဆိုက်သို့ သွားရောက်ပြီးနောက်ထပ်အချက်အလက်ကို www.fda.gov/vaccines-blood-biologics/vaccines မှာဖြည့်သွင်းပါ။
- Centers for Disease Control and Prevention, CDC (ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာန) သို့ ဆက်သွယ်ပါ-
  - ဖုန်းခေါ် ဆိုရန် **1-800-232-4636 (1-800-CDC-INFO)** သို့မဟုတ်
  - CDC ၏ ဝက်ဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုရန် www.cdc.gov/vaccines

Burmese translation provided by the Immunization Action Coalition